# မာတိကာ


| | | |
|---|---|---|
| - | လူငယ်တစ်ယောက်မှ လူငယ်တစ်ယောက်သို့ အောင်ချိမ့် | ၇ |
| ၁။ | မဖတ်လောက်တဲ့ ကဗျာ | ၁၁ |
| ၂။ | မလဲနိုင်တဲ့ အရာ | ၁၃ |
| ၃။ | စိမ်းစိုသော နေ့စွဲများ | ၁၆ |
| ၄။ | အဲဒီတုန်းက | ၁၈ |
| ၅။ | သုံးဘီးကားလေးနဲ့ | ၂၀ |
| ၆။ | ဓာတ်ပုံတွေလို | ၂၃ |
| ၇။ | ငယ်က အလင်းရောင် | ၂၅ |
| ၈။ | နေထိုင်ကောင်းတဲ့ အရွယ် | ၂၈ |
| ၉။ | ပါရီလို ရင်ခုန်တက်ကြွ | ၃၀ |
| ၁၀။ | ထင်းရှူးပင်ရိပ်သို့ | ၃၂ |
| ၁၁။ | ဒီစာမျက်နှာ ဒီကဗျာ | ၃၄ |
| ၁၂။ | ဘယ်တော့မှ မေ့လို့မရ | ၃၆ |
| ၁၃။ | အိတ်ကပ်ထဲ ပိုက်ဆံမပါသူများ | ၃၈ |
| ၁၄။ | ရန်ကုန်မြို့ထဲ တလွှားလွှား | ၄၀ |
| ၁၅။ | ကြားပါစေသား | ၄၂ |


## လူငယ်တစ်ယောက်မှ လူငယ်တစ်ယောက်သို့

'လူငယ်တစ်ယောက်အကြောင်း' ကဗျာတွဲဟာ ရန်ကုန်အခြေစိုက် မဂ္ဂဇင်းတစ်စောင်နဲ့ ဂျာနယ်တစ်စောင်မှာ အမှတ်စဉ် ၉ အထိ ဖော်ပြခဲ့ပါတယ်။ ခုတစ်ခါ မန္တလေးအခြေစိုက် MANDALAY ICOM မှာ ပြောင်းရွှေ့ရပြန်တယ်။

အချိန်ကာလ တစ်နှစ် ခြားခဲ့ပါတယ်။ တစ်ခါ အမှတ် ၁၀ နဲ့ ၁၁၊ ၁၂ ဟာလည်း ကြား တစ်နှစ်ကွာပါတယ်။ ၁၀ ထည့်မယ်အလုပ် ဂျာနယ်ရပ်သွားတာကိုး။ ကျွန်တော်တို့တွေရဲ့ မတည်ငြိမ်မှုပါပဲ။ အကျိုးအကြောင်း ပြောပြတာပါ။

(လူငယ်တစ်ယောက်အကြောင်း အကျိုးအကြောင်း 'မန္တလေး Icom' ၁၉ ၊ . . . . လ)

ဆက်ရရင် ၁၉၆၂ နောက်ပိုင်း နှစ် ၃၊ ၄၊ ၅၀ ရဲ့ နောက်ပိုင်း၊ ဒီ 'လူငယ်တစ်ယောက်အကြောင်း' ဟာ အတိအကျ ၁၉၆၅ ခုနှစ်က စပါတယ်။ ကန့်လန့်ကာတွေ အကုန်ကျခဲ့ပြီး အဲဒီကျခဲ့တဲ့ ကန့်လန့်ကာတွေဟာ ပြည်ဖုံးကားကြီး ဖြစ်ခဲ့လို့ပါပဲ။



ပြည်သူ့ဆိုင်၊ ရာရှင်စနစ်၊ ဆီစာအုပ်၊ သုံးဘီးကား၊ ဟီးနိုးကား၊ မြန်မာ့ဆိုရှယ်လစ်ဝါဒ၊ ဂျိမ်းစ်ဘွန်း ရုပ်ရှင်၊ ခပေါင်း၊ ဒူးယား စီးကရက်၊ ပြည်တွင်းဖြစ် နိုင်ငံခြားအရက်၊ ၂၅ ပြားတန် လက်ဖက်ရည်။

'တိုင်းပြည်ကြီး ချောက်ထဲကျရန် လက်နှစ်လုံး အလို' ရေဒီယိုက ကြေညာပါတယ်။

*

လူငယ်တစ်ယောက်ဟာ ရုပ်ရှင်ကြည့်တယ်၊ သတင်းစာ ဖတ်တယ်၊ ဝါဒဖြန့် ကြွေးကြော်သံတွေ ကြားရတယ်၊ မကြိုက်ဘူး။ သို့သော် ဘာမှမဖြစ်ဘူး။ နောက်တော့ ရိုးသွားတယ်။

*

အထွေထွေ ထွေပြားတဲ့ ခေတ်၊ ကျပ်လာတဲ့ ခေတ်၊ တစ်သွေးတစ်သံခေတ်မှာ လူငယ်တစ်ယောက်ဟာ အခြားအရာများကို ရှောင်ကွင်း (ရှောင်လို့ မလွတ်ပါ) ပြီး ကဗျာကို ရွေးချယ်ခဲ့ပါသတဲ့။ ကဗျာဟာ လူငယ်ထုရဲ့ ဘာသာစကားတစ်ခု မဟုတ်လား။

*

အခုတော့ ကဗျာကို ဖတ်ဖို့ပဲ ရှိပါတော့တယ်။ ဒီလူငယ်တစ်ယောက်အကြောင်း ဖြစ်ပေါ်လာရန် မဂ္ဂဇင်း၊ ဂျာနယ် စာမျက်နှာများကို ဖြတ်သန်းပြီးမှ မန္တလေးမှ လူငယ်တစ်ယောက်က တစုတစည်းတည်း စာအုပ်အဖြစ် ထုတ်ဝေပါတယ်။

ပတ်သက်ခဲ့တဲ့ ခေတ်၊ လမ်းမများ၊ လူများ၊ သူငယ်ချင်းများ၊ ရှိသေးသူများ၊ မရှိတော့သူများ၊ လက်ဖက်ရည်ဆိုင် ထိုင်ခုံများနှင့်



စာဖတ်သူများ၊ အထူးသဖြင့် လူငယ်များကို ရည်ညွှန်းလိုပါတယ်။ 'လူငယ်တစ်ယောက်မှ လူငယ်တစ်ယောက်သို့' ပေါ့လေ။

သူငယ်ချင်း 'ဖော်ဝေး' ရေးခဲ့တဲ့ ကဗျာတစ်ပိုဒ်မှာ -

*'ဟဲ့ အကန်း*
*လမ်းက ဒီမှာတဲ့*
*( . . . . . . . . . . . . )*
*ကျောစပ်သွားပါသည်'*

အဲဒီကဗျာစာပိုဒ်ထဲက လူငယ်တစ်ယောက်ပေါ့လေ။

ဖော်ဝေး 'သုံးကြိမ်မြောက် လက်ခမောင်းခတ်ခြင်း'၊ 'သစ်ရွက်အသေများပေါ်မှ ရက်စက်သော ဂီတ' (၁၉၇၄)၊ 'ဖော်ဝေးငှက်များ ပျံသန်းချိန်' (၂၀၀၄) မှ။

လေးစားစွာဖြင့်
အောင်ချိမ့်
၂၅-၅-၂၀၁၂